# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# သစ်တောဦးစီးဌာန

## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်- ( ၃၅ / ၂၀၂၃)

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၌ လစ်လပ်လျက်ရှိသော **(လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ကွန်ပျူတာစီစဉ်ရေးမှူးရာထူး(၅)နေရာနှင့် ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူး (၄)နေရာ** တို့တွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုပါက **administrationfd@forest.gov.mm**/ **forestadmdev@gmail.com** သို့ Online စနစ်ဖြင့်ဖြစ်စေ၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စီမံခန့်ခွဲရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ **၁-၁-၂၀၂၄** ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ) ကွန်ပျူတာဘွဲ့ရပြီးသူဖြစ်ရမည်၊ (ဌာနတွင်းဝန်ထမ်းဖြစ်ပါက ဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာနှင့်ပတ်သက်၍ ဒီပလိုမာ အောင်လက်မှတ်ရရှိသူဖြစ်ရမည်)၊

( ဂ) ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် အသက်(၃၅)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၇)နှစ် ထက်မကြီးသူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအမှူး၏ ခွင့်ပြုချက် တင်ပြရမည်။

(ဃ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့် မရှိပါ။

(င) မဟာဘွဲ့(ကွန်ပျူတာ)ရပြီးသူများအတွက် အသက်(၃၇)နှစ်ထက်မကြီးသူဖြစ်ရမည်၊

(စ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်အင်္ဂါပြည့်စုံသန်စွမ်း၍ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(ဆ) ပြစ်မှု/ပြစ်ဒဏ်ကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံချက်အား တင်ပြနိုင်သူဖြစ်ရမည်၊

(ဇ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ ရာထူးအလိုက် အသေးစိတ် သတ်မှတ်ချက်များ၊ လျှောက်လွှာပုံစံများနှင့် လျှောက်ထားရမည့် လိပ်စာများအား သစ်တောဦးစီးဌာန၏ Website – www.forestdepartment.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ စုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန တယ်လီဖုန်းအမှတ် ၀၆၇–၃၄၀၅၄၀၃/ ၀၆၇–၃၄၀၅၁၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သစ်တောဦးစီးဌာန**